ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်း စီမံကိန်း

# စေတနာသတင်းလွှာ

အတွဲ(၆) အမှတ်စဉ်(၂)

Education for Peace and Development Project (EPD)- Saetanar Newsletter Vol.6, No.2

Saetanar / The Nippon Foundation / Natala

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ

## စေတနာအဖွဲ့၏ ဥက္ကဋ္ဌ/ ဥယျာဇဉ်


ပင်လောင်းမြို့နယ် တောင်လေးအမကမူလွန်သို့ သွားရောက်စဉ်

စေတနာအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော EPD စီမံကိန်း အဆင့်(၂)သည် နောက်နှစ်ဝက်ခန့်တွင် ပြီးဆုံးမည်ဖြစ်ပါသည်။ စေတနာ အဖွဲ့ဝန်ထမ်းများသည် စာသင်ကျောင်းဆောင် ဆောက်လုပ်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးဝင်ငွေတိုးလုပ်ငန်းများအား လေ့လာသုံးသပ်ခြင်း၊ အစီရင်ခံစာပြုလုပ်ခြင်း စသည့် လုပ်ငန်းဆောင်တာများနှင့် နေ့စဉ် မအားမလပ်ရှိကြပါသည်။ ထိုကဲ့သို့ မအားမလပ်သည့်ကြားမှပင် အသေးစားငွေချေးလုပ်ငန်းအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလနှင့် အောက်တိုဘာလတွင် စုစုပေါင်းနှစ်ကြိမ်ကျင်းပနိုင်ခဲ့ပါသည်။ ပထမအကြိမ်တွင် ကျေးရွာဖွံ့ဖြိုးရေးဝင်ငွေတိုးလုပ်ငန်းအဖြစ် အသေးစားချေးငွေလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တောင်ကြီးမြို့နယ် နှင့်ကလောမြို့နယ်ရှိကျေးရွာ/ဒေသ(၁၂)ဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။ တဖန် အောက်တိုဘာလ၊ (၆)ရက်နေ့တွင် အမှတ်(၄)၊ ဖယ်ခုံအမက မူလွန်ကျောင်းအုပ်ကြီး အပါအဝင် ဖယ်ခုံမြို့နယ်ရှိ ကျေးရွာ/ဒေသ (၇)ဌာနမှ တာဝန်ရှိသူများ ၏ဝိုင်းဝန်း ကူညီပံ့ပိုးမှုများနှင့် ဒုတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ပါသည်။ ထိုအလုပ်ရုံဆွေးနွေးပွဲအကြောင်းကို သီးခြားခွဲ၍ တင်ပြပါမည်။ နှစ်ကြိမ်စလုံး တွင် မိမိတို့၏အကြံဉာဏ်များ၊ အတွေးအမြင်များကို တက်ကြွစွာ ဖလှယ်ခွင့်ရခဲ့ကြသော တက်ရောက်သူများအတွက်လည်းကောင်း၊ စေတနာအဖွဲ့အတွက် လည်းကောင်း အလွန်ပင်အကျိုးဖြစ်ထွန်းစေသော အလုပ်ရုံဆွေးနွေးပွဲဖြစ်ခဲ့ပါသည်။ ထိုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းသည် ဒေသအသီးသီးတွင် နည်းလမ်း အမျိုးမျိုးဖြင့် အသေးစားချေးငွေလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အထွေထွေသောပြဿနာများ၊ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ကြရသော ဒေသများလည်းရှိပါသည်။ ထိုကဲ့သို့သောအချိန်တွင် မည်သို့ ရင်ဆိုင်ဖြေရှင်းခဲ့သနည်း။ တွေးဆထားသော ပြဿနာများကို ကြိုတင် ဖြေရှင်းခဲ့ပါသလား။ တက်ရောက်သူ အသီးသီးက မိမိတို့၏ အတွေ့အကြုံများ၊ စိတ်ကူးစိတ်သန်းများ၊ စီမံခန့်ခွဲမှုဆိုင်ရာအခက်အခဲများကို အဆိုပြုတင်ပြကြပြီး ထိုအဆိုပြုချက်များ အပေါ်တွင် တိုင်ပင်ဆွေးနွေး ညှိနှိုင်းမှုများပြုလုပ်ကြပြီး နောက်ဆုံး၌ ၎င်းကို နမူနာယူကာ မိမိဒေသအခြေအနေနှင့်ကိုက်ညီသော ပြဿနာဖြေရှင်းချက်များကို တွေ့ရှိပြီး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပါသည်။ နောင်အချိန်များတွင်လည်း အခွင့်အခါသင့်ပါက ဒေသအသီးသီးတွင် အကောင်အထည် ဖော်ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။ စီမံကိန်းအဆင့်(၂)ပြီးဆုံးပြီး နောက်တွင်မူ ကျောင်းဆောင်ဆောက်လုပ်ခြင်းသည် အလွန်ပင် အရေးကြီးလှ သော်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည် ပို၍အရေးကြီးသည်ဟု ထင်မြင်ပါသည်။ ထို့ကြောင့် EPD စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဒေသများ၌ ကျေးရွာဖွံ့ဖြိုးရေးဝင်ငွေတိုးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြန်လည် လေ့လာသုံးသပ်ခြင်းလုပ်ငန်းမှတဆင့် ပိုမိုကောင်းမွန်သော လုပ်ရှားဆောင်ရွက်မှုများကို ဆက်လက်လုပ်ကိုင် သွားမည်ဖြစ်ပါသည်။ ကျောင်းဆောင်သည် သက်တမ်းကြာမြင့်လာသည်နှင့်အမျှ ဟောင်းနွမ်းလာမည်ဖြစ်၍ ပြန်လည်ပြုပြင်ဆောက်လုပ်ရ မည်ဖြစ်ပါသောကြောင့် ကျေးရွာဖွံ့ဖြိုးရေး ဝင်ငွေတိုးလုပ်ငန်းကိုသာ ချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ရရှိလာ သောဝင်ငွေမှ ကျောင်းဆောင်သစ်ကို ဆောက်လုပ်နိုင်မည်ဖြစ်ခြင်းသည်အိပ်မက်မျှသာမဟုတ်ပါ။ ထို့ကြောင့် နောင်အကြိမ်များတွင် အသေးစားချေးငွေလုပ်ငန်းအကြောင်းတစ်ခုပဲ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်မည်ဟု သတ်မှတ်ထားခြင်း မရှိပါ။ စုပေါင်းခြံလုပ်ငန်း၊ ရေအားလျှပ်စစ်လုပ်ငန်း၊ ဝက်မွေးမြူရေးလုပ်ငန်း အစရှိသော ကျေးရွာဖွံ့ဖြိုးရေး ဝင်ငွေတိုးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အလုပ်ရုံ ဆွေးနွေးပွဲများကိုလည်း ပြုလုပ်ရန် အစီအစဉ်ရေးဆွဲပြီး၊ စေတနာအဖွဲ့နှင့် ဒေသခံပြည်သူများ၏ အတွေ့အကြုံများ၊ ဗဟုသုတများကို စုစည်း၍ ကျေးရွာဖွံ့ဖြိုးရေးဝင်ငွေတိုးလုပ်ငန်းလှုပ်ရှားဆောင်ရွက်မှု၊ စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကြိုးစားဆောင်ရွက် သွားမည်ဖြစ်၍ လူကြီးများလည်း နားလည်သဘောပေါက်ကာ ပူးပေါင်းဆောင်ရွက်ကြပါဟု မေတ္တာရပ်ခံအပ်ပါသည်။

Mr.Makoto Shiraki ၊ ဒါရိုက်တာ၊ စေတနာအဖွဲ့

## "ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားနေသော အလည်ချောင်ကျေးရွာ"


ကော်မတီဝင်များနှင့် ဆွေးနွေးနေစဉ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊ အလည်ချောင်ကျေးရွာ၊ ဖောင်းပြားအ.မ.က စာသင်ကျောင်းဆောင်သစ်ကို နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာ အဖွဲ့)နှင့် သွားနတ်သမီးလေးစီမံကိန်းတို့မှ ကျပ်သိန်းပေါင်း ၁၆၀ကျော် လှူဒါန်းဆောက်လုပ်ပြီး ပညာရေးဝန်ကြီးဌာနသို့ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ၊ (၁၃)ရက်နေ့တွင် လွှဲပြောင်းပေးအပ်ဖွင့်လှစ်ခဲ့ပါသည်။ ယခုအခါ ကျေးရွာတွင်မရှိဖူးသေးသော အဆင့်မြင့်ကျောင်းဆောင်သစ်ကြီး၌ ကျောင်းသား/ကျောင်းသူများ စိတ်ချမ်းသာစွာ ပညာသင်ယူကြသည်မှာ အလွန်ပင် ကြည်နူးဖွယ်ရာဖြစ်နေပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းခြင်းမျှမဟုတ်ဘဲ ကျေးရွာမှပူးပေါင်းပါဝင်ငွေတို့ကိုပြန်လည်ပေးအပ်ပြီးကျေးရွာဖွံ့ဖြိုးရေးဝင်ငွေတိုး လုပ်ငန်းအဖြစ် "အသေးစားရေအားလျှပ်စစ်လုပ်ငန်း"လည်း ပြီးစီးအောင်မြင်သွားပြီဖြစ်သဖြင့်ရပ်သူရွာသား များ၏ဘဝ အလင်းရောင်ရရှိခဲ့ပါပြီ။ ဝင်ငွေတိုးလုပ်ငန်းမှ လစဉ် ဝင်ငွေကျပ်(၁)သိန်း ကျော်ရရှိနေသဖြင့် စာသင်ကျောင်း၏ အနာဂတ်အရေးမှာ စိတ်ချမ်းသာဖွယ်ရာဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုနေကြသော ရပ်သူ ရွာသားများ စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရှင်များစေလွှတ်ပြီး နည်းပညာများဖြန့်ဝေ ပေးခြင်း၊ သဘာဝ ဩဂဲနစ်ဇီဝမြေဩဇာများအား အသုံးပြုတတ်ပြီး လက်တွေ့အသုံးပြုဖြစ်စေရန် သင်ကြားပေးခြင်း စသော ဆောင်ရွက်မှုများကြောင့် ကျေးရွာ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အားတက်စရာပင်ဖြစ်ပါသည်။

ဤကဲ့သို့ ကျေးရွာ၏ပညာရေး၊ စိုက်ပျိုးရေး စသော အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကူညီဆောင်ရွက် ပေးသောစေတနာအဖွဲ့၏ မေတ္တာ၊ စေတနာများကို တန်ဖိုးထားနားလည်သောအားဖြင့် ရပ်သူရွာသားများကိုယ်တိုင်လည်း မိမိတို့ဒေသ၊ မိမိတို့၏လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစားကြမည်မှာလည်း မလွဲဧကန်ပင်ဖြစ်ပါတော့သည်။

ရွှေပန်းခွက်ဘုန်းတော်ကြီး၊ ဖောင်းပြားရပ်ကွက်၊ အလည်ချောင်ကျေးရွာ

## "မှားယွင်းဆောင်ရွက်နေသောစနစ်များကြောင့် တောင်သူများမသိရှိကြလျှက် ဖြစ်ပေါ်နေသော ဆိုးကျိုးရလာဒ်များနှင့်ပြုပြင်မည်ဆိုပါက ရရှိမည့် အကျိုးတရားများ" (ယခင်လမှအဆက်)


ဟိုပုံးမြို့နယ်၊ မဲးစုတ်ကျေးရွာသို့ သွားရောက်စဉ်

၅။ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရာတွင် ဓါတုဆေးဝါးများအား ရက်ပတ်အလိုက် ဖျန်းသုံးစွဲခြင်း (စနစ်တစ်မျိုးတည်းကိုသာ သုံးစွဲခြင်း)စနစ်မှာ ငွေကြေးကုန်ကျ မှုများခြင်း၊ ပိုးမွှားများခံနိုင်ရည်စွမ်းရည် မြင့်မားလာပြီး အတော်အတန်နှုန်းထားများဖြင့် ပိုး/ရောဂါဖြစ်စေ၊ သက်ရှိများ မသေနိုင်ခြင်း၊ စိုက်ခင်းထဲရှိ သီးနှံ ဖျက်ပိုးများကို စားသောက်ဖျက်ဆီးအကူအညီပေးသော အကျိုးပြုမိတ်ဆွေပိုးများ (ဥပမာ - ပင့်ကူ၊ နဂျီ၊ လိပ်ခုံး၊ ကျိုင်း၊ ဇာတောင်ပိုး၊ မျက်လုံးကြီး၊ ဂျပိုး၊ ပုရွက်ဆိတ်) စသည်များကိုလည်း သေကြေပျက်စီးစေခြင်း၊ သို့ဖြစ်ရာ အောက်ပါအတိုင်း ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းမှုများကို သုံးစွဲရမည်ဖြစ်ပါသည်။

- ❖ ရောဂါ/ပိုးမွှားဒဏ်ခံနိုင်ရည်ရှိသော (သို့မဟုတ်) အသင့်အတင့်ခံနိုင်ရည်ရှိသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရန်။
- ❖ သီးနှံများရိတ်သိမ်းပြီးတိုင်း ကျန်ရှိသည့်အစိုဓါတ်ဖြင့် စိုက်ခင်းမြေအား ထယ်ထိုး/ထွန်မွှေပြုလုပ်ပြီး မြေလှန် နေရောင်ခြည်၏ အပူချိန်ကြောင့်ရောဂါ/ပိုးမွှားများ၊ ပေါင်းမြက်များ သေကြေပျက်စီးစေရန်။
- ❖ မြေတစ်ကွက်တည်းပေါ်တွင် သီးနှံတစ်မျိုးတည်းအား နှစ်ရာသီဆက်မစိုက်ဘဲ သီးနှံလှဲပြောင်းစိုက်ခြင်းဖြင့်ရောဂါ/ပိုးတို့၏ အမြစ်တွယ်ဖျက်ဆီးမှုအားကွင်းဆက် ဖြတ်နိုင်စေရန်။
- ❖ စိုက်ခင်းပတ်လည်ရှိ ခြုံပုတ်များ စိုက်ခင်းထဲမှပေါင်းမြက်များကို ရှင်းလင်းခြင်းဖြင့် ခိုအောင်းနေထိုင်မည့် ပိုး/ရောဂါများ ကင်းစင်သွားစေရန်။
- ❖ ဖျက်ပိုးများကို ပိုမိုဆွဲဆောင်မှုရှိသော ထောင်ချောက်သီးနှံများအား စိုက်ပျိုးသီးနှံခင်းထဲ၌ အတန်းကြားစနစ် (ဥပမာ - စိုက်ပျိုးသီးနှံ ၁၀တန်းလျှင် ထောင်ချောက် သီးနှံ ၁တန်း)၊ ခရမ်း၊ ခရမ်းချဉ်၊ ကုလားပဲ၊ ဝါတို့တွင် ကျရောက်ဖျက်ဆီးသည့် အစိမ်းရောင်သီးလုံးဖောက်ပိုးသည် အဝါရောင်အပွင့်ကို ဆွဲဆောင်မှုရှိသဖြင့် အဆိုပါ သီးနှံများစိုက်ပျိုးရာတွင် နေကြာသီးနှံကို ထောင်ချောက်သီးနှံအဖြစ် စိုက်ပျိုးခြင်းဖြင့် ပိုးကျရောက်မှုကို ထင်ရှားစွာသိရှိနိုင်ပြီး နှိမ်နင်းရလွယ်ကူစေခြင်း။
- ❖ ရောဂါကျရောက်နေသောအပင်များကို ရှာဖွေနုတ်ယူ မြေမြှုပ်ဖျက်ဆီးခြင်းဖြင့် အခြားသော အပင်များသို့ ထပ်မံကူးစက်မှုမဖြစ်ပေါ်စေခြင်း။

(အတွဲ(၆) အမှတ်စဉ် (၃)တွင် ဆက်လက်ဖတ်ရှုပါရန်။) ဦးအေးသွယ် ၊စီမံကိန်းဝန်ထမ်း၊ စေတနာအဖွဲ့

## "သီးပွင့်ဝေဆာ ကျုပ်တို့ရွာ"

စေတနာအဖွဲ့သည်ဆီဆိုင်မြို့နယ်၊ နောင်ကျောကျေးရွာအုပ်စု၊ နောင်အယ် အခြေခံပညာမူလတန်းလွန် ကျောင်းအား ၂၀၀၇ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ နီပွန်ဖောင်ဒေးရှင်း၏ပံ့ပိုးကူညီမှုဖြင့် ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး ပေ(၁၂၀× ၃၀)တစ်ထပ် ကျောင်းဆောင်ကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ပထမဦးစွာ ကျွန်တော်တို့ နောင်အယ်ကျေးရွာ၊ အခြေခံပညာမူလတန်းလွန် ကျောင်းဆောင်ကို လှူဒါန်းပေးခဲ့သည့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်း၊ စေတနာ အဖွဲ့သူ/သားများ၊ တောင်ကြီးမြို့စေတနာရုံးမှ စီမံကိန်းဝန်ထမ်းများ၊ PNOအဖွဲ့မှ လူကြီးမင်းများနှင့်အခြားလိုက်လံဆောင်ရွက်ပေးခဲ့သည့် လူကြီးမင်းများအားလုံးကို ကျွန်တော်တို့ဒေသခံ ရပ်မိရပ်ဖ ကျေးရွာလူထုများက ရှေးဦးစွာ အထူးကျေးဇူးတင်ရှိပါသည်။


ကော်မတီဝင်များနှင့် ဆွေးနွေးနေစဉ်


ဆီဆိုင်မြို့နယ်၊ နောင်အယ်တောင်အခြေခံမူလွန်မှ ကလေးငယ်များ

ကျွန်တော်တို့နောင်အယ်ကျေးရွာသည် ဟိုးယခင်က ကလေးများ စာသင်ရာမှာ မူလတန်းအဆင့် အောင်မြင်ပြီးသော ကလေးများသည် မြို့သို့သွားရောက်၍ အလယ်တန်းအဆင့်ကို စာသင်ကြားခဲ့ရပါသည်။ ဤကဲ့သို့စာသင်ကြားရာတွင် နေရာထိုင်ခင်း၊ အစားအသောက်ကအစ အစစအရာရာ အခက်အခဲများစွာတွေ့ကြုံခဲ့ရပါသည်။ ယခုအခါ စေတနာအဖွဲ့နှင့် ရပ်မိရပ်ဖကျေးရွာလူထုပူးပေါင်း၍ မူလတန်းလွန်ကျောင်း တည်ဆောက်ဖွင့်လှစ်နိုင်ပြီးဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် တွေ့ကြုံခဲ့ရသော အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ပါသည်။ နောင်အယ်ကျေးရွာပတ်ဝန်းကျင်ရှိ ရွာများဖြစ်သည့် ထီဖူး၊ ပုံးလောင်း၊ နားမွန်း၊ စန်းဆိုင်၊ နောင်ပတ်၊ မဲဖောင်၊ လုံးဖိုး၊ နောင်ခလောက်စသည့် ကျေးရွာများမှ (၄)တန်းအောင်ကလေးများသည်လည်း ခရီးဝေးမသွားရဘဲ နောင်အယ်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန် ကျောင်းတွင် ပညာသင်ယူဆည်းပူးနေနိုင်ပြီဖြစ်သည်။ ဤသို့ ပညာ ဆည်းပူးရာတွင် စေတနာမှ ကူညီပံ့ပိုးပျိုးထောင်ပေးခဲ့သည့် ရန်ပုံငွေမှ အတိုးရရှိသည့်ငွေကြေးတွင် ကျောင်းသူ/သားများအတွက်လိုအပ်သောစာအုပ်၊ ဘောပင်၊ ခဲတံများကို အခမဲ့ပေးဝေလျှက် ကျောင်းသုံးပရိဘောဂ၊ ကျေးရွာခန့်ဆရာ/မများ၏ လခမှအစ အဖက်ဖက်မှ တာဝန်ယူပံ့ပိုးပေးလျှက်ရှိပါသည်။

ထို့ပြင် စေတနာအဖွဲ့မှ ပြုစုပျိုးထောင်ပေးခဲ့သော ပညာရေး ရန်ပုံငွေဖြစ်သည့် အသေးစားချေးငွေလုပ်ငန်းကိုလည်း ငွေကြေးများ ပိုမိုတိုးတက်ပွားများလာအောင် စနစ်တကျ ပုံမှန်လည်ပတ်နိုင်ရန်အတွက် အထူးဆောင်ရွက်နေပါသည်။ ချေးငွေများချပေးရာတွင်လည်း နောင်အယ် ကျေးရွာသာမက အခြားရွာများကိုလည်း ကျသင့်ရာအနည်းအများဖြင့် ငွေကြေးများ ချပေးနေခြင်းဖြစ်ပါသည်။ ဤသို့ငွေချေးယူရာတွင် ငွေကြေးချေးယူမှု လွယ်ကူခြင်း၊ အတိုးနှုန်းသက်သာခြင်း၊ စိုက်ပျိုးစရိတ် အချိန်မီရရှိခြင်း၊ ကလေးများ ကျောင်းနေစရိတ်ရရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိပါသည်။ အသေးစား ချေးငွေလုပ်ငန်းငွေချေးယူရာတွင် တစ်အိမ်ထောင်လျှင် ကျပ်(၁၀၀၀၀၀ မှ ၂၀၀၀၀၀) အထိသာဖြစ်ပါသည်။ အတိုးနှုန်းသည် ၅% ဖြစ်၍ ၆လလျှင် အတိုးနှုန်းတဝက်ပေးသွင်းရပြီး တစ်နှစ်ပြည့်လျှင် ကျန်သည့် အတိုးနှင့်ငွေရင်း တပေါင်းတည်းပေးသွင်းရန် သတ်မှတ်ခဲ့ကြသည်။ အခြားလုပ်ငန်းများဖြစ်သည့် လယ်နှင့်ခြံလုပ်ငန်းများကိုလည်း နှစ်စဉ်နှစ်တိုင်း သင့်ရာအသီးအနှံများ စိုက်ပျိုးနေပါသည်။ လယ်မှထွက်ရှိသော စပါးနှင့် ခြံထွက်အသီးအနှံများကို ရောင်းချပြီး ရန်ပုံငွေပိုမိုရရှိအောင်ပံ့ပိုးပေးခဲ့ပါသည်။ လယ်နှင့်ခြံလုပ်ငန်းလုပ်ကိုင်ရာတွင်တာဝန်များ ခွဲဝေပြီး အလှည့်ကျလုပ်ကိုင်စေခဲ့သည်။

ကျွန်တော်တို့ကျေးရွာဖွံ့ဖြိုးမှုကော်မတီ၊ ပညာရေးကော်မတီ အဖွဲ့ဝင်များသည် တစ်နှစ်တစ်ကြိမ် အစည်းအဝေးထိုင်ပြီး ငွေကြေးရ/သုံးစာရင်းများ ရှင်းတမ်း ပြုလုပ်ပြီး အကြံဉာဏ်ရယူကာ ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ကာ တိုးတက်ရာတိုးတက်ကြောင်း အတူတကွပူးပေါင်းလုပ်ဆောင်ခဲ့ကြပါသည်။ ကလေး၏ ပညာသင်ကြားရေး တတ်မြောက်အောင် နှစ်စဉ်အလိုက် အတန်းတိုင်း ကလေးများရရှိသည့် ပ ဒု တ အဆင့်အလိုက် ဆုများပေးအပ်ခဲ့ခြင်း၊ ပညာတတ်မြောက်အောင် သင်ကြားပေးခဲ့သည့် တာဝန်ကျ ဆရာ/မများကိုလည်း ဂုဏ်ပြုသည့်အနေဖြင့် ဆုကြေးများချီးမြှင့် ပေးအပ်ခဲ့ပါသည်။ နောင်လာမည့်အနာဂတ်အတွက်ကိုလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် ကလေးပညာရေးမြင့်မားလာအောင် ချေးငွေလုပ်ငန်း၊ ပုံမှန် လည်ပတ်နိုင်စေရန်နှင့် လယ်၊ ခြံလုပ်ငန်းများကိုလည်း နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးနိုင်ရန် အခြားအထွေထွေ လုပ်ငန်းများ ပြုလုပ်နိုင်ရန်အတွက် အမြဲအားထုတ်ကြိုးစား လုပ်ကိုင်လျှက်ရှိပါသည်။ နောက်ဆုံးအနေဖြင့် ကျွန်တော်တို့ ရပ်မိရပ်ဖ နှင့်အတူ စေတနာအဖွဲ့သူ/သားများအားလုံး ဘေးဘယာဝေးကွာ၍ ကိုယ်ကျန်းမာ စိတ်ချမ်းသာကြပါစေလို့ ဆုတောင်းရေးသားပေးပို့ပါသည်။

ခွန်အောင်ဘ

နောင်အယ်ကျေးရွာ၊ ဆီဆိုင်မြို့နယ်

## "ပထမအကြိမ် အသေးစားချေးငွေလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲ"


အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်

စေတနာအဖွဲ့သည်ရှမ်းပြည်နယ်တောင်ပိုင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေး ဝင်ငွေတိုးလုပ်ငန်း အမျိုးအစား များမှာ အသေးစား ရေအား လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း၊ စုပေါင်းခြံ/လယ်လုပ်ငန်း၊ ထော်လာဂျီယာဉ် သယ်ယူပို့ဆောင်ရေး လုပ်ငန်း၊ ဝက်မွေးမြူရေးလုပ်ငန်း၊ အသေးစားချေးငွေလုပ်ငန်း တို့ဖြစ်ပါသည်။ အထက်ပါ လုပ်ငန်းများအနက် အသေးစားချေးငွေလုပ်ငန်းကို ဆောင်ရွက်နေသော ရပ်ရွာဒေသများမှာ ၅၂ နေရာရှိပြီး၊ ရာခိုင်နှုန်းဖြင့် ၆၁% ရှိပါသည်။ အသေးစားချေးငွေလုပ်ငန်းမှာ မည်သည့် ဒေသတွင်မဆို ဆောင်ရွက်နိုင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရန်လွယ်ကူခြင်း၊ လူနည်းစုဖြင့်စီမံခန့်ခွဲဆောင်ရွက်နိုင်ခြင်း၊ ပုံမှန်ဝင်ငွေ ရရှိနိုင်ခြင်းတို့ကြောင့် အသေးစား ချေးငွေလုပ်ငန်းကိုဆောင်ရွက်သည့်ကျေးရွာ များပြားခြင်းဖြစ်ပါသည်။ သို့သော်လည်း ငွေကြေးကိုစီမံခန့်ခွဲဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ခြင်းကြောင့် ပြဿနာများစွာ ပေါ်ထွက်နိုင်သောလုပ်ငန်းလည်းဖြစ်ပါသည်။ ထို့ကြောင့် အသေးစားချေးငွေလုပ်ငန်းဆောင်ရွက်နေသော ဒေသ/ကျေးရွာများမှ ဒေသဖွံ့ဖြိုးရေး ကော်မတီဝင်များအချင်းချင်း တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် ပထမအကြိမ် အသေးစားချေးငွေလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို တောင်ကြီးမြို့တွင် ၁၈.၈.၂၀၁၁နှင့် ၁၉.၈.၂၀၁၁နေ့များတွင် ကျင်းပဆောင်ရွက် ခဲ့ပါ သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တောင်ကြီးမြို့နယ်နှင့်ကလောမြို့နယ်များတွင် အသေးစားချေးငွေလုပ်ငန်းဆောင်ရွက်နေသည့် မြို့/ကျေးရွာစုစုပေါင်း(၁၂)ဌာနမှ ဒေသ ဖွံ့ဖြိုးရေးကော်မတီ(၂)ဦးစီနှင့် လေ့လာသူများစုစုပေါင်း(၃၉)ဦးတက်ရောက်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာဒေသ ဖွံ့ဖြိုးရေးကော်မတီများမှ ကိုယ်စားလှယ်တစ်ဦးစီမှ မိမိတို့ဆောင်ရွက်နေသော အသေးစားချေးငွေလုပ်ငန်း၏ လက်ရှိအခြေအနေ၊ ရရှိသော ဝင်ငွေနှင့် ပညာရေးပံ့ပိုးမှုအတွက်သုံးစွဲမှု၊ လုပ်ငန်းအားနည်းချက်များ၊ တွေ့ကြုံရသောအခက်အခဲပြဿနာများနှင့် ဖြေရှင်းနည်းများ၊ ငွေချေးယူခွင့်ရှိသူကိုရွေးချယ်သည့်စနစ်၊ လုပ်ငန်းအောင်မြင်စေရန်အတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများနှင့် လက်ရှိဆောင်ရွက်နေသော အသေးစားချေးငွေလုပ်ငန်းကို ပိုမိုတိုးတက်အောင်မြင်အောင်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သတ်၍ တင်ပြဆွေးနွေးကြပါသည်။ယခုအလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးချက်များအရ မြို့ပြတွင် ဆောင်ရွက်နေသော အသေးစားချေးငွေလုပ်ငန်းအချို့တွင် ဆိုးရွားသော အခက်အခဲပြဿနာများ ပေါ်ပေါက်ခဲ့သော်လည်း ကျေးလက်ဒေသတွင် ဆောင်ရွက်နေသော အသေးစားချေးငွေလုပ်ငန်းများတွင် သာမာန်မျှသာသော အခက်အခဲများကိုသာ တွေ့ကြုံရကြောင်း သိရှိရပါသည်။ မြို့ပြဒေသများတွင် နေထိုင်သူများမှာ လူမျိုးစုံ၊ အလုပ်အကိုင်၊ နေထိုင်မှုစရိုက် အစရှိသည်တို့ ကွဲပြားခြားနားပြီး တစ်ဦးအကြောင်းတစ်ဦး သေသေချာချာ သိရှိနိုင်ရန် ခဲယဉ်းပါသည်။ ကျေးရွာတွင် နေထိုင်သူများမှာ အချင်းချင်းစည်းလုံး ညီညွတ်မှုရှိပြီး တစ်ဦးနှင့်တစ်ဦးလည်း ရင်းနှီးကျွမ်းဝင်ကြပါသည်။ သို့ဖြစ်၍ ကျေးရွာများတွင် တွေ့ကြုံရသည့် အခက်အခဲများတွင် တွေ့ကြုံရသည့် အခက်အခဲ များမှာ ရာသီဥတုအခြေအနေကြောင့် သီးနှံထွက်နှုန်းမကောင်းခြင်း၊ သီးနှံဈေးကျခြင်း စသည့်အကြောင်းများကြောင့် သတ်မှတ်ရက်တွင် ချေးငွေနှင့် အတိုးငွေများကို ပေးဆပ်ခြင်းမပြုနိုင်ဘဲ နောက်ကျပြီး ပေးဆပ်ခြင်းစသော သာမာန်ပြဿနာမျှသာ ကြုံတွေ့ရပြီး ချေးယူခဲ့သော ငွေကြေးနှင့်အတိုးကို ပြန်လည်ပေးဆပ်ခြင်း မပြုသည့်သူများ တစ်ဦးတစ်ယောက်မျှမရှိကြောင်း သိရှိရပါသည်။

ပြဿနာများနှင့် ပတ်သတ်ပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသော နတလမှတာဝန်ရှိပုဂ္ဂိုလ်များ၊ စေတနာအဖွဲ့၏ဒါရိုက်တာနှင့် ဝန်ထမ်းများ၊ ဒေသဖွံ့ဖြိုးရေးကော်မတီ အသီးသီးမှ ကိုယ်စားလှယ်များ၊ လေ့လာသူများမှ အကြံပေးဆွေးနွေးကြပါသည်။


အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်


အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်

စေတနာအဖွဲ့မှ အောက်ဖော်ပြပါအချက်အလက်များကို စဉ်းစားသုံးသပ်ပါရန် အကြံပြုဆွေးနွေးပါသည်။

(က) မရွှေ့မပြောင်းနိုင်သည့် အာမခံပစ္စည်းတင်ပြနိုင်ခြင်းမရှိသူ(သို့မဟုတ်) လုံလောက်သောအာမခံပစ္စည်း တင်ပြနိုင်ခြင်းမရှိသူတို့အား ဝိုင်းကြီးချုပ် စနစ်ဖြင့် ချေးငှားပေးခြင်း။

(ခ) အသေးစားကိုယ်ပိုင်လုပ်ငန်း (ဥပမာ - ဈေးဆိုင်ဖွင့်ခြင်း)များကို ဆောင်ရွက်လုပ်ကိုင်သော စိတ်တူကိုယ်တူ အမျိုးသမီးအဖွဲ့သို့ အာမခံပစ္စည်းမပါဘဲ သင့်လျော်သောငွေကြေးပမာဏကို အချိန်တိုကာလအတွက် ချေးငှားပေးခြင်း။

(ဂ) ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် ၎င်းဒေသအကျိုးကို ဆောင်ရွက်နိုင်သော လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။ သို့ဖြစ်၍ မိဘများကငွေကြေးချို့တဲ့သဖြင့် ပညာရေးအတွက် ပံ့ပိုးခြင်းမပြုနိုင်သည့် ထူးချွန်ထက်မြက်သော ကျောင်းသား/သူများအတွက် အသေးစားချေးငွေလုပ်ငန်းမှ ရရှိသောဝင်ငွေဖြင့် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်ကိုထူထောင်ခြင်း။

(ဃ) အသေးစားချေးငွေလုပ်ငန်း ရင်းနှီးငွေဆုံးရှုံးခြင်းကို စိုးရိမ်ပါက လက်ရှိဆောင်ရွက်နေသော အသေးစားချေးငွေလုပ်ငန်းမှ ရရှိသော ဝင်ငွေ၏တစိတ်တဒေသကို အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပခြင်းဖြင့် ကော်မတီဝင်များ အချင်းချင်း အသိအမြင် ဖလှယ်ခွင့်ရရှိသည့်အပြင် မိမိတို့စီမံခန့်ခွဲမှုဆောင်ရွက်နေသော အသေးစားချေးငွေလုပ်ငန်း၏ လိုအပ်ချက်များ၊ အခြားသော ကျေးရွာ/ဒေသများတွင် ဆောင်ရွက်နေသော အသေးစားချေးငွေလုပ်ငန်း၏ အောင်မြင်သည့် နည်းလမ်းများ ဝိုင်းကြီးချုပ်စနစ်အစရှိသည်တို့ကို သိရှိနားလည်ခွင့်ရသဖြင့် အလွန်ပင်အကျိုးရှိကြောင်း တက်ရောက်သည့် ကော်မတီဝင်များမှ ပြောကြားပါသည်။


အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်


အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်

အသေးစားချေးငွေလုပ်ငန်းမှ ရရှိသောဝင်ငွေသည် ပညာရေးလိုအပ်ချက်များအတွက် ပံ့ပိုးနိုင်သည်သာမက ဒေသခံပြည်သူများ၏ စီးပွားရေး အခြေအနေများဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုစေသဖြင့် အားလုံးက အသေးစားချေးငွေလုပ်ငန်းကို နှစ်သက်ကြိုဆိုလျှက်ရှိပါသည်။ အချုပ်အားဖြင့် အသေးစားချေးငွေလုပ်ငန်း အောင်မြင်ဖွံ့ဖြိုးတိုးတက်စေရန် ယခုကဲ့သို့ဝိုင်းဝန်းအဖြေရှာ ဆောင်ရွက်သွားမည်ဆိုပါက မလွဲမသွေ ကောန်မုချအောင်မြင်မှုရမည်ဟု ယုံကြည်ပါသည်။ အသေးစားချေးငွေလုပ်ငန်း၏ အောင်မြင်မှုသည် ဒေသတစ်ခု၏ပညာရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး တို့နှင့်ဆက်နွယ်လျှက်ရှိသဖြင့် ကော်မတီသာမက ဒေသခံပြည်သူများကပါ ဝိုင်းဝန်းကူညီဆောင်ရွက် ပေးကြရန် တိုက်တွန်းအပ်ပါသည်။

**ဒေါ်အေးအေးသန့်၊ စီမံကိန်းအရာရှိ၊စေတနာအဖွဲ့.**

## "ဂျပန်နိုင်ငံ သွားဆရာဝန်များအသင်းမှ ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်များအား လေ့လာရေးခရီးစဉ်"





ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတွင် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်းကို ဆောင်ရွက်နေသော စေတနာအဖွဲ့၏ အဓိကအလှူရှင်ဖြစ်သော နိပ္ပွန်ဖောင်ဒေးရှင်း၏စီစဉ်ဆောင်ရွက်မှုဖြင့် တွဲဘက် အလှူရှင်ဖြစ်သောဂျပန်နိုင်ငံသွားဆရာဝန်များအသင်းသည် ၂၀၀၉ စီမံကိန်းနှစ် အတွက် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကျောင်းဆောင်ပေါင်း (၁၀)ကျောင်းဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ အဆိုပါကျောင်းများအနက် ကျောင်း(၆)ကျောင်းသို့ အလှူရှင်များကိုယ်စား ၂၀၁၁ ခုနှစ်၊ မတ်လနှင့်ဇွန်လများတွင် နှစ်ကြိမ်ခွဲ၍ သွားရောက်လေ့လာခဲ့ပြီး၊ ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းဆောင်နှင့်ဒေသဖွံ့ဖြိုးတိုး တက်မှုအခြေအနေများကို အလှူရှင်များသို့ အစီရင်ခံစာ ပေးပို့ခဲ့ပါသည်။ သွားရောက်ခဲ့သော ကျောင်းများမှာ မတ်လတွင် ဆီဆိုင်မြို့နယ်ရှိ ကုန်းကျောင်းကျေးရွာ အခြေခံ ပညာမူလတန်းလွန်ကျောင်း၊ တောင်ကြီးမြို့နယ် သံတဲတွဲဘက်အထက်တန်းကျောင်းနှင့် ဟိုပုံးမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်း ကျောင်းခွဲတို့ဖြစ် ပြီး၊ ဇွန်လတွင် ကလောမြို့နယ် ကမ္ဘားနီအခြေခံပညာ မူလတန်းလွန်ကျောင်း၊ ရပ်စောက်မြို့နယ် ဖောင်းပြားအခြေခံပညာမူလတန်းကျောင်းနှင့် ညောင်ရွှေမြို့နယ် ပါန္နေး အခြေခံပညာမူလတန်းကျောင်းတို့ဖြစ်သည်။ ထိုသို့သွားရောက်ရာတွင် ဒေသခံပြည်သူများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ဆရာ/မများနှင့် ကျောင်းသား/သူ များမှ ဝမ်းပန်းတသာကြိုဆို၍ ကျောင်းဆောင် ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးမှုအခြေအနေများကို ရှင်းလင်းပြောပြခဲ့ပါသည်။ သွားရောက်လေ့လာခဲ့သောကျောင်းများအနက် အချို့မှာ မြို့ကြီးပြကြီးများသို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောဒေသများဖြစ်ပြီး၊ အချို့မှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသများတွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများရှိ ကျေးရွာအများစုသည် မြို့ကြီးပြကြီးများနှင့် အလှမ်းနီးသော ကျေးရွာများနှင့်နှိုင်းယှဉ်ပါက ဒေသဖွံ့ဖြိုး တိုးတက်ရေးမှာ အဖက်ဖက် မှ နောက်ကျနေကြောင်း တွေ့ရှိရပါသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောဒေသများရှိ ဒေသခံပြည်သူအများစုသည် မိမိတို့ဒေသ တွင်ကျောင်းဆောင်ဆောက်လုပ်လှူဒါန်းသော ဂျပန်နိုင်ငံသွားဆရာဝန်များအသင်းနှင့် ပတ်သတ်၍ အနည်းငယ်သိရှိနားလည်ထားကြသော်လဲ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများမှ ဒေသခံပြည်သူများမှာ မိမိ တို့ဒေသတွင် ကျောင်းဆောင်ဆောက်လုပ်လှူဒါန်းသော အလှူရှင်များအကြောင်းကိုသိရှိသူ နည်းပါးသောကြောင့် စေတနာအဖွဲ့ဝန်ထမ်းများမှ ဂျပန်နိုင်ငံသွားဆရာဝန်များအသင်းနှင့် ပတ်သတ်၍ ဒေသခံပြည်သူများသို့ ရှင်းလင်းပြောပြခဲ့ပါသည်။ အပြန်အလှန်အားဖြင့် ဒေသခံပြည်သူများမှလည်း အလှူရှင်များ၏ စေတနာကို သိရှိနားလည်ခွင့်ရသဖြင့် ဆောက်လုပ်လှူဒါန်းသောကျောင်းဆောင်ကို တန်ဖိုးထား၍ သုံးစွဲထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားကြသဖြင့် အလှူရှင်နှင့်အလှူခံ နှစ်ဦးနှစ်ဖက်စလုံးအတွက် အကျိုးရှိခဲ့သော ခရီးစဉ်ဖြစ်ခဲ့သဖြင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်နားလည်မှုရရှိခဲ့သော ခရီးစဉ်လည်း ဖြစ်ပါသည်။

ထိုသို့ ကျေးလက်ဒေသပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအချက်တစ်ချက်ဖြစ်သော သပ်ရပ်ခိုင်ခံ့သော ကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်းပေးသည့် ဂျပန်နိုင်ငံသွားဆရာဝန်များအသင်းနှင့်တကွ စီစဉ်ဆောင်ရွက်ပေးသည့် နိပ္ပွန်ဖောင်ဒေးရှင်းနှင့် စေတနာအဖွဲ့တို့အား ဒေသခံပြည်သူများမှ အထူးကျေးဇူးတင်ရှိကြောင်း သိရှိရပါသည်။ ထို့အပြင် ခိုင်ခံ့သပ်ရပ်သည့် ကျောင်းဆောင်သစ်တွင် ဒေသခံကျောင်းသူ/သားလေးများ လုံခြုံစိတ်ချစွာနှင့် စိတ်အေးချမ်းသာစွာ ပညာသင်ကြားပြီး၊ အနာဂတ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရမည့် လူစွမ်းအားအရင်းအမြစ်များပေါ်ထွက်လာနိုင်ရန် မျှော်လင့်မိပါသည်။

**ဦးကောင်းမြတ်ဝင်း၊ပြည်သူ့ဆက်ဆံရေးအရာရှိ၊စေတနာအဖွဲ့**



### "စေတနာ"

❖ ကျေးရွာဖွံ့ဖြိုး အလှတိုး
မျှော်ကိုးသူမှာ စေတနာ။
❖ တောသူရွာသား မေတ္တာထား
သနားတတ်တာ စေတနာ။
❖ တိုးတက်ဖို့ရည် မြို့အမှီ
ကူညီပေးတာ စေတနာ။
❖ စာသင်စခန်း လှတင့်ဆန်း
လှူဒါန်းခဲ့တာ စေတနာ။
❖ ရွာ၏ကျောင်းဆောင် မပျက်အောင်
ရှက်ဆောင်ပြုတာ စေတနာ။
❖ ထည်ဝါခန့်ငြား ကျောင်းသစ်များ
စွမ်းအားပြုတာ စေတနာ။
❖ စေတနာ...စေတနာ...

နန်းခမ်းလီ (ဟိုမိန်းအမက၊ သိန်းနီမြို့နယ်)